KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**နောက်ဆုံးရဒေသတွင်းသတင်းတို**

ဖေဖော်ဝါရီလ ၂၈ ရက်၊ ၂၀၂၅ ခုနှစ် / KHRG စာအမှတ်- 24-200-D1

# မူတြော်ခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - SAC လေကြောင်းတိုက်ခိုက်မှုကြောင့် ဘူးသိုနှင့်ဒွယ်လိုးမြို့နယ်များရှိ အရပ်သားအိုးအိမ်ပစ္စည်းများ ထိခိုက်ပျက်စီးခြင်း၊ ရွာသားများ နေရပ်စွန့်ခွာရခြင်းနှင့် စားဝတ်နေရေးစိန်ခေါ်မှုများကြုံတွေ့ရခြင်း (၂၀၂၄ ခုနှစ်၊ ဧပြီလ)

*ဤနောက်ဆုံးရဒေသတွင်းသတင်းတိုသည် ၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း မူတြော်ခရိုင်၊ ဘူးသိုနှင့်ဒွယ်လိုးမြို့နယ်များရှိ အရပ်သားဒေသများတွင် ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုများနှင့်အခြားအဖြစ်အပျက်များကို ဖော်ပြထားသည်။ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်မဖြစ်ပွားမီ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) သည် ဖာပွန်မြို့ဒေသရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၃၄၀) တပ်စခန်း၊ ခမရ (၃၄၁) တပ်စခန်း၊ ခမရ (၄၃၄) တပ်စခန်းနှင့် SAC ဗျူဟာကုန်းတို့ကို ဒရုန်းများဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ KNLA မှ ဤသို့ဒရုန်းဖြင့်တိုက်ခိုက်ပြီးနောက် SAC သည် ထီးသာဘလုထကျေးရွာအုပ်စုရှိ အအ--- ကျေးရွာနှင့် မယ်ကလောကျေးရွာအုပ်စုရှိ အဘ---ကျေးရွာအပါအဝင် ၎င်းတို့တပ်စခန်းများအနီးနားတည်ရှိသောကျေးရွာများတွင် ရက်ပေါင်း (၁၄)ရက်အတွင်း လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ SAC လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားအိုးအိမ်ပစ္စည်းများ၊ ဘာသာရေးအဆောက်အဦးများ၊ မွေးမြူရေးတိရိစ္ဆာန်များနှင့်စိုက်ပျိုးခြံများ ထိခိုက်ပျက်စီးသွားခဲ့သည်။ ရွာသားများလည်း နေရပ်မှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများ၏အသက်မွေးဝမ်းကျောင်းများကို ဆိုးရွားစွာထိခိုက်စေပြီး ၎င်းတို့အနေဖြင့် အနာဂတ်တွင် စားနပ်ရိက္ခာလုံလောက်မှုမရှိသည့်အခြေအနေအား ကြုံတွေ့ရမည်ကို စိုးရိမ်ကြောက်ရွံ့နေကြသည်။* [1]

## ဘူးသိုနှင့်ဒွယ်လိုးမြို့နယ်များတွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့်ဖြစ်ပွားခဲ့သော ထိခိုက်ပျက်စီးမှုများ

(၂၀၂၄ ခုနှစ်၊ မတ်လနှင့်ဧပြီလအတွင်း) ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) သည် (မူကြော်ခရိုင်၊ ဖာပွန်မြို့ဒေသရှိ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၃၄၀) တပ်စခန်း၊ ခမရ (၃၄၁) တပ်စခန်း၊ ခမရ (၄၃၄) တပ်စခန်းနှင့် SAC ဗျူဟာကုန်းတို့ကို ဒရုန်းဖြင့် မကြာခဏ ပစ်ခတ်တိုက်ခိုက်လေ့

[1] ဤအစီရင်ခံစာသည် ၂၀၂၄ ခုနှစ်၊ ဧပြီလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ လေ့ကျင့်သင်ကြားပေးထားသော မူတြော်ခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်းလူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏အမည်၊ ဓါတ်ပုံနှင့်နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက်ထည့်သွင်းထားခြင်းဖြစ်သည်။ ဤနောက်ဆုံးရဒေသတွင်းသတင်းတိုသည် ကွင်းထဲမှ အစီရင်ခံစာအချို့ကို အခြေခံ၍ ရေးသားပြုစုထားပါသည်။ အစီရင်ခံစာအချို့၏စာအမှတ်မှာ 24-200-D1၊ 24-200-D2 နှင့် 24-200-D3 တို့ဖြစ်သည်။

ရှိသည်။ KNLA မှ ဤသို့ဒရုန်းဖြင့်ပစ်ခတ်တိုက်ခိုက်ပြီးနောက် SAC သည် ၎င်းတို့တပ်စခန်းများအနီးနားတွင် တည်ရှိသော ကျေးရွာများကို မကြာခဏ လေကြောင်းဖြင့်တိုက်ခိုက်လေ့ရှိသည်။ တစ်ရက်ထဲတွင်ပင် SAC သည် အနီးအနားရှိ ကျေးရွာများကို လေကြောင်းတိုက်ခိုက်မှုအကြိမ် (၁၀) ကြိမ်မှ (၄၀) ကြိမ်အထိ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ SAC တပ်စခန်းများအနီးနားတွင်တည်ရှိပြီး လေကြောင်းဖြင့်တိုက်ခိုက်ခံရသော ကျေးရွာများမှာ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စုရှိ အဆ---၊ အဒ---၊ အဃ---၊ အဖ---၊ အဘ---နှင့် အဂ---ကျေးရွာများ - မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စုရှိ အဟ---၊ အဇ---နှင့် အသ---ကျေးရွာများနှင့် မူတြော်ခရိုင်၊ ဖာပွန်မြို့ ရပ်ကွက် (၁) နှင့် (၂)တို့ဖြစ်သည်။

(၂၀၂၄ ခုနှစ်၊ မတ်လအတွင်း) SAC သည် ဖာပွန်မြို့ဒေသအတွင်း လေကြောင်းဖြင့် မကြာခဏပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် ဖာပွန်မြို့အနီးနားတွင်နေထိုင်ကြသော ရွာသားများသည် (ဒူးသထူခရိုင်ရှိ) ကမာမောင်းမြို့၊ (ဘားအံခရိုင်ရှိ) ခေါ်တောမြို့ (မြိုင်ကြီးငူ) နှင့် (ဒူးသထူခရိုင်ရှိ) ဘားအံမြို့သို့ ထွက်ပြေးပုန်းရှောင်ခဲ့ရသည်။ (၂၀၂၄ ခုနှစ်၊ မတ်လအတွင်း) SAC ပြုလုပ်ခဲ့သောလေကြောင်းတိုက်ခိုက်မှုများကြောင့် ဘုန်းကြီးတစ်ပါးအပါအဝင် ရွာသားများသည် သေဆုံး၊ ဒဏ်ရာရရှိမှုများရှိပြီး လူနေအိမ်များလည်း ထိမှန်ပျက်စီးသွားခဲ့သည်။

(ဖာပွန်မြို့ဒေသအတွင်းရှိ) ကျေးရွာများနှင့်နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ SAC စစ်သားများတိုက်ခိုက်ခံရသည့်အချိန်တိုင်းတွင် SAC သည် ကျေးရွာများအား လေကြောင်းဖြင့် ပြန်လည်တိုက်ခိုက်လေ့ရှိသည်။ SAC သည် ၎င်းတို့ရန်သူဖြစ်သော လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များထက် အရပ်သားများကို ပို၍ပစ်မှတ်ထားတိုက်ခိုက်လေ့ကြောင်း တွေ့ရှိရသည်။

- **၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ရက်နေ့ - ဒွယ်လိုးမြို့နယ်တွင်ဖြစ်ပွားသော လေကြောင်းတိုက်ခိုက်မှု**

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ မနက် (၁း၃၀) မိနစ်တွင် SAC လေယာဉ်တစ်စီးသည် ဒွယ်လိုးမြို့နယ်၊ ထီးသာဘလုထကျေးရွာအုပ်စု၊ အအ--- ကျေးရွာအတွင်း ဗုံးများကြဲချခဲ့သည်။ (အအ---ကျေးရွာသည် ဖာပွန်ဒေသအနီးတွင် တည်ရှိသည်။) SAC သည် ထိုကျေးရွာဒေသအတွင်း စုစုပေါင်းဗုံး (၂၈) လုံးပစ်ချခဲ့သည်။ (ဤဗုံးအရေအတွက်ကို ဒေသခံတစ်ဦးသည် ဗုံး (၂၈) လုံးပေါက်ကွဲသည့်အသံကိုကြားခဲ့ပြီး ရေတွက်ခဲ့ခြင်းဖြစ်သည်။)

အဆိုပါဗုံး (၂၈) လုံးအနက် ငါးလုံးမှာ အအ--- ကျေးရွာရှိ ဘုန်းကြီးကျောင်းဝင်းထဲတွင် ကျရောက်ပေါက်ကွဲပြီး ဘုန်းကြီးကျောင်းနံရံ၊ မီးဖိုချောင်နံရံနှင့် ထမင်းစားဆောင်၏ခေါင်မိုးတို့ကို ထိမှန်ပျက်စီးသွားခဲ့သည်။ ထို့အပြင် ဗုံးပေါက်ကွဲမှုသည် အနီးနားရှိ ရွာသားများ၏နေအိမ်များကိုလည်း ထိမှန်ပျက်စီးခဲ့သည်။ ထိုအထဲတွင် ရွာသားတစ်ဦးဖြစ်သူ စောအ---၏အိမ်နံရံနှင့် စောဘ---၏အိမ်သာတစ်လုံးနှင့်ရေသိုလှောင်ကန်တစ်ကန်လည်း ပျက်စီးသွားခဲ့သည်။ ဗုံးသုံးလုံးသည် စောဆ---၏ဥယျာဉ်ခြံထဲတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ စောဆ---၏ဥယျာဉ်ခြံသည် စောဒ---၏အိမ်နှင့် စောဃ---၏အိမ်တို့နှင့်နီးကပ်လျက်ရှိသည်။ ဗုံးပေါက်ကွဲမှုကြောင့် စောဒ---၏အိမ်နံရံနှင့် အိမ်ခေါင်မိုးကို ထိမှန်ပျက်စီးခဲ့သည်။ စောဃ---၏အိမ်လည်း ထိမှန်ပျက်စီးခဲ့သည်။ ဗုံးသုံးလုံးသည် စောဖ---၏အိမ်အနီးနားတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ (သို့သော်လည်း စောဖ---၏အိမ်ကို ထိမှန်ပျက်စီးခြင်းမရှိခဲ့ပေ။) ဗုံးသုံးလုံးသည် စောဂ---၏အိမ်အနီးနားတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး ၎င်း၏အိမ်ခေါင်မိုး၊ အိုးခွက်တို့ကို ထိမှန်ပျက်စီးပြီး ကြက်တစ်ကောင်လည်း ထိမှန်သေဆုံးခဲ့သည်။ ကျန်ရှိသောဗုံးများသည် အအ---ကျေးရွာဒေသအတွင်းရှိ လယ်ယာများနှင့်စိုက်ပျိုးခြံထဲတွင် ကျရောက်ပေါက်ကွဲခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုမဖြစ်ပွားမီအချိန်၌ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၀ ရက်နှင့် ၃၁ရက်နေ့တွင် SAC လေယာဉ်တစ်စီးသည် ဖာပွန်မြို့ဒေသအတွင်း နှစ်ရက်ကြာ ဝေဟင်ကင်းထောက်လှမ်းမှုပြုလုပ်ခဲ့သည်။ SAC သည် အအ--- ကျေးရွာအတွင်းသို့ ဗုံးများပစ်ချရာတွင် မည်သည့်ရွာသားမှ ထိမှန်ဒဏ်ရာရခြင်းမရှိခဲ့ပေ။ အကြောင်းမှာ ရွာသားများသည် ကြိုတင်၍ ထွက်ပြေးပုန်းရှောင်နေခဲ့ပြီးဖြစ်သည်။) အအ---ရွာသားများသည် ကျေးရွာထဲတွင် နေထိုင်ရန်ကြောက်ရွံ့သောကြောင့် ၎င်းတို့လယ်ယာများ၊ စိုက်ပျိုးခြံများထဲရှိတဲအိမ်များနှင့် တောထဲတွင် သွားရောက်ပုန်းရှောင်နေထိုင်ကြသည်။ (၂၀၂၅ ခုနှစ်၊ ဖေဖော်ရီလအထိတွင်ပင် ရွာသားများသည် တောထဲတွင် ဆက်လက်ပုန်းရှောင်နေထိုင်နေရဆဲဖြစ်သည်။)

- **၂၀၂၄ ခုနှစ်၊ ဧပြီလ ၈ရက်နေ့နှင့် ၁၄ရက်နေ့ - ဘူးသိုမြို့နယ်တွင်ဖြစ်ပွားသော လေကြောင်းတိုက်ခိုက်မှု**

၂၀၂၄ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့ မနက် (ရး၃၀) မိနစ်တွင် SAC လေယာဉ်တစ်စီးသည် ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ အဘ--- ကျေးရွာတွင် ဗုံးများကြဲချခဲ့သည်။ SAC လေယာဉ်သည် အဘ--- ကျေးရွာတွင်း ဗုံးများပစ်ချ၍ ပေါက်ကွဲသွားသောကြောင့် ရွာသားတစ်ဦးဖြစ်သူ ဦးဟ---၏နေအိမ်ခေါင်မိုးကို ထိမှန်ပျက်စီးသွားခဲ့သည်။ ထို့အပြင် ရွာသားတစ်ဦးဖြစ်သူ ဦးဇ---၏နေအိမ်တစ်လုံးအပါအဝင် ၎င်း၏အုန်းပင်များ၊ စိုက်ပျိုးပင်များနှင့်အိမ်ပရိဘောဂများလည်း ထိမှန်ပျက်စီးသွားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့ မနက် (၁၀) နာရီတွင် SAC လေယာဉ်တစ်စီးသည် မယ်ကလောကျေးရွာအုပ်စုရှိ အဘ---ကျေးရွာကို ဗုံးများ နောက်တစ်ကြိမ်ကြဲချတိုက်ခိုက်ခဲ့ပြန်သည်။ ဗုံးများသည် စောဇ---၏အိမ်အနီးနားတွင် ကျရောက်ပေါက်ကွဲပြီး ၎င်း၏အိမ်နံရံနှင့်ခေါင်မိုးတို့ကို ထိမှန်ပျက်စီးသွားခဲ့သည်။ ဗုံးတစ်လုံးသည် စောသ---၏အိမ်အနောက်တွင် ကျရောက်ခဲ့သော်လည်း မပေါက်ကွဲဘဲရှိနေသည်။ ဗုံးတော်တော်များများသည် ကျေးရွာ (အဘ--- ကျေးရွာ)နှင့်လမ်းများပေါ်တွင် ကျရောက်ပေါက်ကွဲခဲ့သည်။

SAC လေကြောင်းတိုက်ခိုက်မှုများကြောင့် (ဖာပွန်မြို့အနီးတွင်တည်ရှိသောကျေးရွာများမှ) ရွာသားများသည် ၎င်းတို့ရပ်ရွာဒေသမှ ထွက်ပြေးတိမ်းရှောင်ကြရပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နိုင်ခြင်းမရှိတော့ပေ။ ထို့အတွက်ကြောင့် ရွာသားများသည် အနာဂတ်တွင် (၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း) စားနပ်ရိက္ခာလုံလောက်မှုမရှိသည့်အခြေအနေနှင့်ရင်ဆိုင်ကြုံတွေ့ရမည်ကို စိုးရိမ်နေရသည်။






KHRG သည် အထက်ပါပုံများကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့၌ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စုမှ လက်ခံ ရရှိခဲ့သည်။ (လုံခြုံရေးအခြေအနေကြောင့် မည်သူ့ဆီက ဓာတ်ပုံရရှိခဲ့သည်ကို ဖော်ပြ၍မရပေ။) ပထမတန်းမှ ဓာတ်ပုံနှစ်ပုံနှင့် ဒုတိယ တန်းမှ ဘယ်ဖက်

ဓာတ်ပုံသည် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့တွင် SAC သည် မယ်ကလောကျေးရွာအုပ်စု၊ အဘ---ကျေးရွာအတွင်း လေကြောင်းဖြင့်တိုက်ခိုက်ခြင်းကြောင့် ရွာသားတစ်ဦးဖြစ်သူ စောဇ---၏နေအိမ်ပျက်စီးသွားသောအခြေအနေကို ဖော်ပြထားသည်။ ဒုတိယတန်းမှ ညာဖက်ဓာတ်ပုံသည် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့တွင် SAC လေယာဉ်တစ်စီးသည် မယ်ကလောကျေးရွာအုပ်စု၊ အဘ---ကျေးရွာအတွင်း ပစ်ချလိုက်သည့်ဗုံးတစ်လုံး၏အစိတ်အပိုင်းတစ်ခုကို ဖော်ပြထားသည်။ *(ဓာတ်ပုံ - ဒေသခံအာဏာပိုင်တစ်ဦး)*

## ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။